ပါခကား ပဥ္စမတနင်္ဂနွေနေ့ ဧပြီ ၂၈ ၂၀၂၄

တမန်တော် ၉း၂၆–၃၁၊ ၁ ယောဟန် ၃း၁၈–၂၄၊ ယောဟန် ၁၅း၁–၈

သခင်ဘုရားသည် ရှင်ပြန်ထမြောက်လေပြီ။ ဆိုလိုတာက သခင်ဘုရားသည် ကိုယ်တော်ကိုယုံကြည်သက်ဝင်ကြတဲ့လူတွေထဲမှာ ရှိနေပါတယ်။ လူတိုင်းလူတိုင်းရဲ့ဘဝအသက်တာမှာ တနည်း (သို့မဟုတ်) တနည်း ကိုယ်တော်ဟာ ရှိနေပါတယ်။

––အငယ်ဆုံးသောသူတို့အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီး ဆိုပြီး (မာတေဦး ၂၅း၄၀) မှာတွေ့ရပါတယ်။

မိမိရဲ့အရှင်သခင်ဆိုပြီး ကိုယ်တော်ကိုလက်ခံယုံကြည်ကြတဲ့ ကိုယ်တော်ရဲ့တပည့်တော်လို့ခေါ်တဲ့ လူတွေဆီမှာ ကိုယ်တော်ဟာ ထူးခြားသောနည်းလမ်းအားဖြင့် ရှိနေတော်မူပါတယ်။

ဒီကနေ့ဧဝံဂေလိကျမ်းက ကိုယ်တော်နဲ့ကျွန်ုပ်တို့ရဲ့ဆက်ဆံ ဆက်နွယ်မှုဟာ သစ်ပင်တပင်နဲ့ သူ့ရဲ့အကိုင်းအခက်တို့ဆက်နွယ်မှုကဲ့သို့ ဆင်တူပါတယ် ဆိုပြီး ညွှန်ပြနေပါတယ်။ အဲဒီအကိုင်းအခက်ဟာ ဆက်လက်ရှင်သန်ဖို့အတွက် ပင်စည်ပင်မနဲ့ ဘယ်လိုမှခွဲခွာလို့မရကြောင်း သင်ပြပါတယ်။ တခါ ပင်မကြီးရဲ့ အကိုင်းအခက်ဖြစ်ရုံနဲ့ မပြီးသေးပါဘူး။ အသီးလဲသီးဖို့လိုပါတယ်။ ကိုယ့်ရဲ့ဘာသာဝတ္တရားတွေကို ပြီးပြည့်စုံစွာ တာဝန်ကျေပြည့်စွမ်းရုံနဲ့ မပြီးသေးပါဘူး။

ဒီတော့ အသီးသီးရမယ်ဆိုတာ ဘယ်လိုသောအသီးတွေကို သီးရမှာလဲ။ ဒုတိယကျမ်းကိုကြည့်ရအောင်။ (၁ ယောဟန်သြဝါဒစာ ၃း၁၈) ချစ်သားတို့ယ ငါတို့သည် စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ကေန်အမှန်ချစ်ကြကုန်အံ့။ ယဖိဆံးသ့ဥ်ဇၢ, အဲဥ်တၢ်ထဲလၢ တၢ်ကတိၤဒီး ပျၢဖိၤနဉ်တဂ့ၢ. မ့မ့ၢ်လၢတၢ်မၤ ဒီးတၢ်မ့ၢ်တၢ်တီနဉ်တကဲ့ၢ်. က ချစ်ခြင်းမေတ္တာဆိုတာ စကားလုံးတွေနဲ့ ပြောရုံသက်သက်မဟုတ်စေရပါ– အသံထွက်ဆုတောင်းတဲ့ ဆုတောင်းသံသက်သက်မဟုတ်စေရပါ။

မေတ္တာဆိုတာ အပြုအမူနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေမှာ
ပေါ်လွင်ထင်ရှားတဲ့အရာဖြစ်တယ်ဆိုတာကို ရှင်ယောဟန်က သင်ကြားပါတယ်။
ကျွန်ုပ်တို့ရဲ့ အပြုအမူနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေမှာ ချစ်ခြင်းဟာ
ပေါ်လွင်မှသာလျှင် သခင်ဘုရားဟာ ကျွန်ုပ်တို့၌အသက်ရှင်နေတယ်ဆိုတာကို
သိမြင်နိုင်ပါတယ်။

ဥပမာတခုအနေနဲ့– လူတယောက်ဟာ ရာဘာနဲ့ပြုလုပ်ထားတဲ့
ထူထဲတဲ့အကာအကွယ်ကို ဝတ်ဆင်ထားရင် လျှပ်စစ်ဓါတ်ဟာ သူ့ရဲ့ခန္ဓာကိုယ်ထဲကို
မစီးသွားနိုင်ပါဘူး။ ဘာအကာအကွယ်မှာမရှိဘဲ ကိုယ့်ရဲ့ခန္ဓာကိုယ်ထဲ လျှပ်စစ်ဓါတ်ကို
စီးခွင့်ပေးမှသာ ကျွန်ုပ်တို့အထဲသို့ ထိုမှတဆင့် ကျွန်ုပ်တို့နဲ့ထိတွေ့တဲ့လူတွေဆီကို
လျှပ်စစ်ဓါတ်ဟာ ဆက်လက်စီးဆင်းသွားမှာ ဖြစ်ပါတယ်။
(လက်တွေ့လုပ်ဘို့မဟုတ်ပါဘူး– ဆက်စပ်ပြီး ဘုရားရဲ့မေတ္တာတော်အကြောင်းကို
ပိုပြီးနားလည်နိုင်ဘို့အတွက်– သာမန်ဥပမာသာလျှင်ဖြစ်ပါတယ်။)

ဘုရားရဲ့မေတ္တာတော်ဟာလည်း အဲဒီအတိုင်းပါဘဲ။ ကျွန်ုပ်အထဲကို
မစီးဝင်သွားဘူးဆိုရင် သူတပါးဆီကိုလဲ ဆက်ပြီး မစီးဆင်းသွားပါဘူး။
ဘုရားရဲ့မေတ္တာတော်ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခံစားရရာကနေတဆင့်
ကျွန်ုပ်အားဖြင့် ထိုမေတ္တာတော်ကို သူတပါးလည်း တွေ့ကြုံခံစားကြရမှာဖြစ်ပါတယ်။
တခါ တချို့လူတွေကိုတော့ ချွင်းချက်အနေနဲ့ ချန်ထားပြီး ဘုရားရဲ့မေတ္တာတော်ကို
မပေးဘဲ နေလို့မရပါဘူး – ဘာဖြစ်လို့လဲဆိုတော့ ဘုရားက
အဲဒီလိုကွက်မထားလို့ဘဲဖြစ်ပါတယ်။

ဘုရားရဲ့မေတ္တာတော်နဲ့ ကောင်းမြတ်ခြင်းဟာ ကျွန်ုပ်တို့အထဲမှာနဲ့ ကျွန်ုပ်တို့အားဖြင့်
အလုပ်လုပ်လို့ ကျွန်ုပ်တို့ဟာ ကောင်းသောသူများဖြစ်ကြပါတယ်
လို့ကျွန်ုပ်တို့ပြောချင်ပြောကြမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ဆိုကြလိမ့်မယ်။ ပထမဦးစွာ
ကျွန်ုပ်ဟာ ကောင်းသောသူဖြစ်ရင် ဘုရားကကျွန်ပ်ကိုချစ်မယ် ဆိုပြီး
ကျွန်ုပ်တို့ပြောမှာလား။ ဒါပေမဲ့–ကျွန်ုပ်ရဲ့အပြုအမူနဲ့လုပ်ဆောင်ချက်တွေဟာ
ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ဘုရားက ကျွန်ုပ်တို့ကိုအမြဲတမ်း
ချစ်ပါတယ်။ ကျွန်ုပ်ရဲ့အပြုအမူနဲ့လုပ်ဆောင်ချက်တွေဟာ

ကောင်းခြင်းအတွက်ဖြစ်တယ်ဆိုရင် ဘုရားရဲ့မေတ္တာတော်ကို ကျွန်ုပ်အထဲမှာ
အလုပ်လုပ်ဘို့အတွက်အခွင့်ပေးခြင်း ဖြစ်ပါတယ်။
ကျွန်ုပ်ရဲ့အပြုအမူနဲ့လုပ်ဆောင်ချက်တွေဟာ ဆိုးသွမ်းနေတယ်ဆိုရင်
ဘုရားရဲ့မေတ္တာတော်ကို ကျွန်ုပ်အထဲမှာ
အလုပ်လုပ်ဘို့အတွက်ပိတ်ဆို့လိုက်ခြင်းဖြစ်ပါတယ်။

ကျွန်ုပ်ဟာ အကောင်းလုပ်လို့ ဘုရားရဲ့မေတ္တာတော်ကို ရရှိတယ် ဆိုတဲ့ခံယူချက်ကို
စွန့်လွှတ်ရမှာဖြစ်ပါတယ်။ ကျွန်ုပ်ကောင်းလို့ ဘုရားကကျွန်ုပ်ကိုချစ်တာထက်
ဘုရားရဲ့မေတ္တာတော်ဟာ ကျွန်ုပ်အထဲမှာနဲ့ ကျွန်ုပ်အားဖြင့်
သူတပါးဆီသို့ရောက်အောင် အခွင့်ပေးလို့ ကျွန်ုပ်ဟာ ကောင်းသောသူဖြစ်တယ်
ဆိုတာကို သိရှိရမှာဖြစ်ပါတယ်။

အပြုအမူနဲ့လုပ်ဆောင်ချက်တွေမှာ ချစ်ခြင်းဟာ ပေါ်လွင်တယ်ဆိုတဲ့နေရာမှာ
ကျွန်ုပ်တို့ရဲ့နှုတ်ထွက်စကားများလဲ ပါဝင်ပါတယ်။ လူတဦးတယောက်ကို
တိုက်ရိုက်ပြောဆိုတာထက် တခုခုသူ့အတွက်လုပ်ဆောင်ပေးတာ
ပိုပြီးလွယ်ကူသလိုလိုမျိုး ခံစားရတတ်ပါတယ်။ ဆိုပါစို့– မိဘတွေဟာ
သားသမီးတွေအတွက် ပညာရေး၊ သူတို့အတွက်မွေးနေ့လက်ဆောင်၊
သူတို့အတွက်မုန့်ဘိုး အစရှိသည်ဖြင့် လုပ်ဆောင်ပေးပြီးရင်
ပြည့်စုံပြီးလို့ယူဆတတ်ပါတယ်။ ဒါပေမဲ့ အဲဒီသားသမီးတွေဟာ
မိဘတွေဆီကထွက်လာတဲ့ မေတ္တာစကားသံတွေကို မကြားရတတ်ပါဘူး။

ဒီနေ့ပထမကျမ်းမှာ သံပေါလူးက ညှင်းပန်းနှိပ်စက်သူမဟုတ်တော့ဘဲနဲ့ ခရစ်တော်ရဲ့
တပည့်တော် တမန်တော်ဖြစ်ပါတယ်လို့ဆိုခဲ့ပါတယ်။ လူတွေကသူ့ကို
လွယ်လွယ်နဲ့ယုံနိုင်ဘူး– သူလျှိုလို့ ထင်မှတ်ခဲ့ကြပါတယ်။ ဘုရားရှင်အတွက်
ပြင်းပြင်းထန်ထန်နဲ့ ရဲဝံ့စွာ ဟောပြောသွန်သင်တဲ့အခါ နောက်တော့
သူ့ရဲ့အသက်အန္တရာယ်စိုးရိမ်ရတဲ့အထိ ဖြစ်လာတော့ ခရစ်ယာန်တွေက
သူ့ကိုလုံခြုံတဲ့နေရာကိုပို့ဆောင်ခဲ့ရပါတယ်။ အဲဒီအခါကျမှ သူပြောဆိုခဲ့တာတွေဟာ
အလိမ်မဟုတ် အစစ်အမှန်ဖြစ်တာကို ယုံကြည်လက်ခံနိုင်ခဲ့ပါတယ်။
သူ့ရဲ့ယုံကြည်ခြင်းဟာ အသီးသီးတယ်။ ကိုယ်တော်ရဲ့မေတ္တာတော်ဟာ

ပေါလူးမှာပေါ် လွင်တယ်။ ကိုယ်တော်ဟာ ပေါလူးအတွက်အရှင်သခင်ဖြစ်တယ်။ လူအများ ခရစ်တော်ဘုရားရဲ့ တပည့်တော်ဖြစ်လာဘို့အတွက် ပေါလူးဟာ အသုံးခံကရိယာ ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့အသက်တာဟာ အသီးသီးသော အသက်တာ ဖြစ်လာခဲ့ပါတယ်။

ကျွန်ုပ်သည် အသက်သေသလား၊ ရှင်သလား ဆိုတာနဲ့ပတ်သက်ပြီး မေးစရာရှိပါတယ်။

- ကျွန်ုပ်ဟာ ခရစ်တော်သခင် ဖြစ်တဲ့ ပင်မကြီးရဲ့ အသီးများကိုသီးတဲ့ အသက်ရှင်သော အကိုင်းအခက် ဖြစ်ပါရဲ့လား
- သူတပါးအတွက် ကောင်းကျိုးကိုဖြစ်စေတဲ့ တီထွင်ကြံဆမှုများနဲ့ရှိနေတဲ့ အသက်တာမှာ အသက်ရှင်နေပါရဲ့လား
- ခရစ်တော်ရဲ့တန်ခိုးအာနိသင်ကို ကျွန်ုပ်ရဲ့အပြောအဆို၊ ကျွန်ုပ်ရဲ့အပြုအမူ၊ ကျွန်ုပ်ရဲ့နေပုံထိုင်ပုံ အကျင့်စရိုက်များအားဖြင့် သူအများမြင်တွေ့နိုင်ပါရဲ့လား။
- ကျွန်ုပ်ဟာ သခင်ဘုရားရဲ့နောက်တော်သို့ တသွေမတိမ်းလိုက်နေသောသူ ဖြစ်ပါရဲ့လား။
- ကျွန်ုပ်ကြောင့် ဘယ်နှစ်ဦး ဘယ်နှစ်ယောက် သခင်ဘုရားကို သိရှိလာပြီးတော့ ယုံကြည်လာကြပါသလဲ။
- ကျွန်ုပ်ရဲ့ပုံသက်သေကြောင့် မည်သူမည်ဝါ ဘယ်နှစ်ဦးဘယ်နှစ်ယောက် ဆေးကြောခြင်းမင်္ဂလာကိုခံယူဘို့ပြောလာပါသလဲ။

ကျွန်ုပ်တို့ ဘယ်လိုအသက်ရှင်နေထိုင်သလဲ ဆိုတဲ့အပေါ် မှာမူတည်ပြီးတော့ အခြားသောသူများဟာ နှိုးဆော်ခြင်းခံရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့တွေ့ရှိခံယူသောအရာများဖြစ်တဲ့ သခင်ခရစ်တော်နဲ့ ကိုယ်တော်ရဲ့သာသနာတော်အားဖြင့်ဘုရားရဲ့မေတ္တာတော်ကိုသိခြင်း ဆိုတဲ့ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေကို သူတို့များလဲ တွေ့ရှိခံယူကြရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ခြေရာကိုခံပြီးလျှောက်လှမ်းသွားကြမှာဖြစ်ပါတယ်။